**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**
**ဝန်ကြီးရုံး**

**အမိန့်ကြော်ငြာစာအမှတ်၊ ၇၅ / ၂၀၁၈**
**၁၃၈၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၁၄ ရက်**
**( ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက် )**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်သွင်းကုန်ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မ ခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

## နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအား ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွယ်နေသော ပစ္စည်းများ တင်သွင်းခွင့်ပြုခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန်အတွက် ၎င်းတို့၏ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွယ်နေသောပစ္စည်းများအား ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှစ၍ ပြည်ပမှ တင်သွင်းခွင့်ပြုလိုက်သည်။

၂။ နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအနေဖြင့် ပြည်ပမှတင်သွင်းရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားရန်ဖြစ်သည်-

(က) ကုမ္ပဏီများ၊ ရုံးခွဲများအနေဖြင့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင် အားလည်းကောင်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများအနေဖြင့် တင်ပို့တင်သွင်းခွင့်များပြုလုပ်နိုင်ရန် ခွင့်ပြုပေးသော မှတ်ပုံတင်နံပါတ်အား လည်းကောင်း လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားရန်၊

( ခ ) ရုံးလုပ်ငန်းသုံးပစ္စည်းများကိုသာ တင်သွင်းရန်၊

( ဂ ) ဝန်ဆောင်မှုလုပ်ငန်းဖြစ်ပါက ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်စပ်ပစ္စည်းများကိုသာ တင်သွင်းရန်၊

(ဃ) တင်သွင်းသည့်ပစ္စည်းများအား ပြန်လည်ရောင်းချခြင်းမပြုရန်၊

( င ) တင်သွင်းရာတွင် ကုန်ပစ္စည်းအလိုက် သက်ဆိုင်ရာဌာနများ၏ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့်အညီ လိုက်နာဆောင်ရွက်ရန်၊

(စ) ရုံးလုပ်ငန်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်း အမျိုးအစားအလိုက် အသုံးပြုမှု ဖော်ပြချက်နှင့်တကွ အမှန်တကယ်အသုံးပြုရန်လိုအပ်သော ရုံးလုပ်ငန်းသုံးပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွယ်နေသော ပစ္စည်းများသာဖြစ်ကြောင်း ခံဝန်ကတိဖြင့် တင်ပြရန်။

၃။ နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ ၏ရုံးခွဲများအနေဖြင့် တင်သွင်းလာသည့်ပစ္စည်းများအား ခံဝန်ကတိပါအတိုင်း အမှန်တကယ် အသုံးပြုခြင်းမရှိဘဲ တစ်ဆင့်ပြန်လည်ရောင်းချကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ် သို့မဟုတ် မှတ်ပုံတင်နံပါတ်အား ရပ်ဆိုင်းသွားမည်ဖြစ်ပြီး ထပ်မံတင်သွင်းမှု လျှောက်ထားခြင်းကို ငြင်းပယ်သွားမည်ဖြစ်သည်။

၄။ နိုင်ငံခြားကုမ္ပဏီများ၊ အစိုးရမဟုတ်သော ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံခြားကုမ္ပဏီများ၏ ရုံးခွဲများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန်အတွက် ၎င်းတို့၏ ရုံးလုပ်ငန်းသုံးပစ္စည်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် ဆက်နွယ်နေသော ပစ္စည်းများအား ပြည်ပမှ တင်သွင်းခွင့်ဆိုင်ရာသတ်မှတ်ချက်များကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ထုတ်ပြန်သွားမည် ဖြစ်သည်။

(ပုံ)
ဒေါက်တာသန်းမြင့်
ပြည်ထောင်စုဝန်ကြီး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

စာအမှတ်၊ စက - ၁၁ / ၂ - ၁၈ / ၂၀၁၈ ( ၁ )
ရက် စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များအားလုံး
အတွင်းရေးမှူး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

| | |
|---|---|
| ညွှန်ကြားရေးမှူးချုပ်<br>ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန | မြန်မာနိုင်ငံပြန်တမ်းတွင်<br>ထည့်သွင်းကြေညာပေးပါရန် |

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ
အသင်းချုပ် ( ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။ )

အမိန့်အရ

ရန်နိုင်ထွန်း
အမြဲတမ်းအတွင်းဝန်